အိမ်ဖြူတော်
ဒုတိယသမ္မတရုံး

ချက်ချင်း ထုတ်ပြန်ရန် နိုဝင်ဘာ ၁၅၊ ၂၀၁၈

ဆဋ္ဌမအကြိမ်မြောက် အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေး၌ ဒုတိယသမ္မတ ပန့်စ်၏ ပြောကြားချက်များ

ဆန်းတက် ကွန်ဗင်းရှင်းစင်တာ
ဆန်းတက်မြို့၊ စက်ဘူ

ဒုတိယသမ္မတပန့်စ်။ လေးစားရပါသော ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား။ အမေရိကန် ပြည်ထောင်စုနဲ့ အရှေ့တောင်အာရှနိုင်ငံများ အသင်းရဲ့ ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အားလုံးနဲ့အတူ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

သမ္မတ ထရမ့်ဟာ ဒီထိပ်သီးအစည်းအဝေးကို ယမန်နစ်က တက်ရောက်ခဲ့ပြီး "လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်ဒေသ" ဆိုတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ရည်မှန်းချက်ကို မျှဝေခဲ့ပါတယ်။ အခု သမ္မတကြီးရဲ့ကိုယ်စား ကျွန်တော် လာရောက်တာကတော့ အဲဒီ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ တိုးတက်မှုတွေကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

မကြာသေးမီ အချိန်ကလေးကပဲ သမ္မတကြီးနဲ့ ကျွန်တော် စကားပြောခဲ့ရပြီး သူက ဒီအစည်းအဝေးတက်ရောက်လာသူ တစ်ဦးချင်းစီကို ကျေးဇူးတင်ကြောင်း နှုတ်ခွန်းဆက်ကြောင်း ပြောကြားပေးဖို့ ကျွန်တော့်ကို အမှာစကားပါးခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ သတင်းစကားက ရိုးရိုးလေးပါ၊ အိန္ဒိယ-ပစိဖိတ်ဒေသအတွက် အမေရိကန်ပြည်ထောင်စုရဲ့ ကတိကဝတ်ဟာ တည်ကြည်ခိုင်မာပြီး တည်တံ့ခိုင်မြဲ တယ်ဆိုတာပါပဲ။ အမေရိကန် ပြည်ထောင်စုရဲ့ လုပ်ဆောင်မှုအားလုံးမှာ ကျွန်တော်တို့ဟာ ထိန်းချုပ်ဖို့ မကြိုးစားဘဲ ပူးပေါင်းဆောင်ရွက်မှုကိုသာ ရှာဖွေပါတယ်။ ပြီးတော့ အာဆီယံအဖွဲ့ကို ကျွန်တော်တို့ရဲ့ မဟာဗျူဟာမိတ်ဖက်အဖွဲ့လို့ ခေါ်ဆိုရတာ ကျွန်တော်တို့ ဂုဏ်ယူမိပါတယ်။

လွန်ခဲ့တဲ့ ၅၁ နှစ်တုန်းက၊ ခင်ဗျားတို့ရဲ့ နိုင်ငံ ငါးနိုင်ငံဟာ "ညီမျှမှု၊ ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်တွေ" နဲ့ "ဒေသအတွင်းမှာ ငြိမ်းချမ်းရေး၊ တိုးတက်ရေးနဲ့စည်ပင်ဝပြောရေး" ကို ဆောင်ရွက်နိုင်ဖို့အတွက် အတူတကွ ပူးပေါင်းခဲ့ကြတယ်။ ဒီနေ့ဆိုရင် အဲဒီအဖွဲ့ဟာ အရှေ့တောင်အာရှဒေသရဲ့ ၁၀ နိုင်ငံကို ကိုယ်စားပြုတဲ့အဖွဲ့ဖြစ်လာပြီး အမေရိကန်ပြည်ထောင်စုအနေနဲ့ ခင်ဗျားတို့ရဲ့ အဖွဲ့နဲ့အတူ ရပ်တည်လာခဲ့တာ အခု ဆိုရင် ဆယ်စုနှစ် လေးခု ကျော်လွန်လာခဲ့ပြီ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ဟာ ကျွန်တော်တို့ရဲ့ ဒေသဆိုင်ရာ ရည်မှန်းချက်အတွက် အဓိကကျပါတယ်။ အာဆီယံဟာ ကျွန်တော်တို့ရဲ့ မရှိမဖြစ်တဲ့၊ အစားထိုးလို့မရတဲ့ မိတ်ဖက်အဖွဲ့လည်း ဖြစ်ပါတယ်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမြင်ကလည်း ကွဲပြားမှု မရှိပါဘူး။ ကျွန်တော်တို့ရဲ့ အကျိုးစီးပွားတွေဟာ အပြန်အလှန် ဆက်နွယ်နေပြီး ရည်မှန်းချက် တွေဟာလည်း တကယ့်ကို အတူတူပဲဆိုတာ ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။

ခင်ဗျားတို့လိုပဲ ကျွန်တော်တို့ဟာ အိန္ဒိယ-ပစိဖိတ်ဒေသမှာ အရွယ်အစားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ နိုင်ငံအားလုံး ကြီးပွားရှင်သန်တိုးတက်နိုင်ဖို့၊ အချုပ်အခြာအာဏာ တည်မြဲမှု၊ ကျွန်တော်တို့ရဲ့ တန်ဖိုးတွေကို ယုံကြည်မှုနဲ့ အတူတကွ ပိုမို အားကောင်းလာဖို့ကို ရည်ရွယ်ပါတယ်။ အင်ပါယာတွေ၊ ကျူးကျော်မှုတွေဟာ အိန္ဒိယ-ပစိဖိတ်ဒေမှာ နေရာမရှိဘူးဆိုတာ ကျွန်တော်တို့အားလုံး သဘောတူလက်ခံ ထားတာလည်း ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ဒေသအတွင်းမှာ ဒီရည်မှန်းချက် အောင်မြင်တိုးတက်ဖို့ ပြတ်သားတဲ့ လုပ်ဆောင်ချက်တွေ ဆောင်ရွက်ခဲ့တယ်။ ကြီးပွားရေး၊ လုံခြုံရေးနဲ့ တူညီတဲ့ မူဂါဒတွေကို အခြေခံပြီး အိန္ဒိယ-ပစိဖိတ် ဒေသအတွင်းမှာ ဒီရည်မှန်းချက် တိုးတက်အောင်မြင်ဖို့ရာ ခင်ဗျားတို့ တစ်နိုင်ငံချင်းစီနဲ့ ကျွန်တော်တို့ ဆက်လက် လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီလုပ်ငန်းအဆင့်တွေကို ကျွန်တော် ခင်ဗျား တို့နဲ့ ဒီကနေ့ ဆွေးနွေးဖို့ မျှော်လင့်ထားပါတယ်။

ပါဝင်တဲ့ အရာတွေကတော့ ဒေသအတွင်း အခြေခံအဆောက်အအုံကဏ္ဍမှာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာဖို့ ကျွန်တော်တို့ရဲ့ အားပေးဆောင်ရွက်မှုတွေနဲ့ သမ္မတထရမ့် ပြောသလို "လွတ်လပ်၊ မျှတပြီး အပြန်အလှန် သဘောရှိတဲ့ ကုန်သွယ်ရေး" ကို

ကျွန်တော်တို့ ရဲရဲဝံ့ဝံ့ ရှာဖွေမှုတွေ ပါဝင်ပါတယ်။ အဲဒီ မူဝါဒတွေကို အခြေပြုပြီး ကုန်သွယ်မှု၊ စီးပွားရေးဖလှယ်မှုအတွက် ဆက်ဆံရေးအသစ်တွေ ခိုင်မာအောင်တည်ဆောက်ဖို့ကို ကျွန်တော်တို့ ဆက်လက် လုပ်ကိုင်သွားမှာ ဖြစ်ပါ တယ်။

ကျွန်တော်တို့ရဲ့ မိတ်ဖက်ပူးပေါင်းမှုမှာ မြောက်ကိုရီးယားဆိုင်ရာ ကျွန်တော်တို့ရဲ့ ဖိအားပေး အစီအစဉ်၊ ဒေသတွင်းမှာ အကြမ်းဖက်ဝါဒ ဖယ်ရှားရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး၊ ပင်လယ်တွေနဲ့ ကောင်းကင်တွေရဲ့ လွတ်လပ်မှုကို ထိန်းသိမ်းဖို့ ကျွန်တော်တို့ရဲ့ ကတိကဝတ်၊ လွတ်လပ်တဲ့ ရေကြောင်း၊ လေကြောင်း သွားလာမှု အတွက် ခင်ဗျားတို့နဲ့အတူ ကျွန်တော်တို့ပခုံးချင်းယှဉ်ပြီး အတူတကွ ရပ်တည်ချက်နဲ့၊ ခင်ဗျားတို့ အချုပ်အခြာအာဏာပိုင်တဲ့ ကုန်းမြေ၊ ပင်လယ်နဲ့ ဒစ်ဂျစ်တယ်ကမ္ဘာ နယ်စပ်တွေမှာ ခင်ဗျားတို့နိုင်ငံရဲ့ လုံခြုံရေးကို သေချာစေအောင် ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဖြတ်မှုတွေလည်း ပါဝင်ပါတယ်။ ဒါတွေ အားလုံးဟာ ပူးပေါင်း ဆောင်ရွက်ဖို့ ကျွန်တော်တို့ရဲ့ အာမခံ ကတိပြုမှုရဲ့ နမူနာတွေ ဖြစ်ပြီး တစ်ခုချင်းစီမှာ ထိရောက်တဲ့ တိုးတက်မှုတွေ လုပ်ခဲ့ပြီးပြီလို့ ကျွန်တော်တို့ ယုံကြည်သလို ထူးခြားတဲ့တိုးတက်မှုတွေရရှိဖို့ ကျွန်တော်တို့ အတူတကွ ဆက်လက် လုပ်ဆောင် သွားမှာလည်း ဖြစ်ပါတယ်။

ဆောင်ရွက်မှုတွေထဲမှာ ကျွန်တော်တို့ရဲ့ တန်ဖိုးအထားဆုံး မူဝါဒတွေဖြစ်တဲ့ တာဝန်ခံပြီး တုံ့ပြန်မှုရှိသော အစိုးရဖြစ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တစ်ဦးချင်း အခွင့်အရေးရှိရေး တွေကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ရဲ့ အားသစ်လောင်း ကြိုးပမ်းမှုတွေ ပါဝင်ပါတယ်။ ဒီအချက်တွေဟာ အချုပ်အခြာအာဏာကို ကာကွယ်ပေးထားတဲ့ အကာအကွယ်တံတိုင်းတွေဖြစ်သလို တိုးတက်မှု အတွက် အခြေခံအုတ်မြစ်တွေဆိုတာ ကျွန်တော်တို့သိကြတယ်၊ ဒါတွေကို အိန္ဒိယ-ပစိဖိတ်ဒေသအတွင်း ပျံ့နှံ့ဖို့ ကျွန်တော် တို့ အားပေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေ မြန်ဆန်သွက်လက်စေဖို့ ဒီမနက် အခွင့်ကြုံခိုက်မှာ ကျွန်တော်အသိပေးလိုတာကတော့၊ အမေရိကန်-အာဆီယံ စမတ်စီးတီး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်သစ် ဖြစ်ပါတယ်။ ဒီအစီအစဉ်အတွက် ကြိုးပမ်းမှုဟာ ဒေသ တွင်း ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံမှာ အမေရိကန်ရဲ့ ရင်းနှီးမြှုပ်နှံမှုကို အားသစ်လောင်းပေးပြီး အရှေ့တောင်အာရှဒေသမှာ စည်ပင်ဝပြောမှု၊ လုံခြုံမှုတွေ တိုးတက်လာစေဖို့ အားပေးကူညီမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီအချက်က ကျွန်တော်တို့ ဒီနေ့ဆွေးနွေးမယ့် ဆိုက်ဘာလုံခြုံရေးထုတ်ပြန်ချက်အပေါ် မှာလည်း အကျိုးရှိစေမှာပါ။

ကျွန်တော်တို့ လုပ်ဆောင်ခဲ့သမျှတွေရဲ့ တိုးတက်မှုတွေနဲ့ ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်မယ့် လုပ်ငန်းတွေကို ခင်ဗျားတို့နဲ့ ဒီထက်ပိုပြီး မျှဝေလိုပေမယ့် အရှေ့မှာ အားလုံးဆက်လက်ဆွေးနွေးဖို့ရှိသေးတဲ့အရာတွေအတွက် ကျွန်တော်ဦးစားပေးပဲ့မယ်။

အိန္ဒိယ-ပစိဖိတ်ဒေသဆိုင်ရာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို ရှင်းလင်းအောင် ပြောရမယ်ဆိုရင် ကျွန်တော်တို့ဟာ ဘယ်နိုင်ငံကိုမျှ ဘေးဖယ်ချန်ထားခဲ့မှာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းဟာ သူတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံတွေကို လေးလေးစားစား ဆက်ဆံဖို့သာ လိုအပ်ပါတယ်။ သူတို့ဟာ ကျွန်တော်တို့ နိုင်ငံတွေရဲ့ အချုပ်အခြာ အာဏာနဲ့ နိုင်ငံတကာ စည်းမျဉ်းတွေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ဟာ အိန္ဒိယ-ပစိဖိတ်ဒေသအတွက် အတိုင်းမသိ ကောင်းမွန်တဲ့ အနာဂတ်ကို ဆောင်ကြဉ်း ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

အဲဒီအနာဂတ်မှာ ကျွန်တော်တို့တတွေဟာ တူညီတဲ့ မူဝါဒတွေ၊ တူညီတဲ့ အကျိုး စီးပွားတွေ၊ စည်ပင်ဝပြောပြီး လုံခြုံဖို့အတွက် ထားရှိတဲ့ ကျွန်တော်တို့ရဲ့ သံနှိုင်္ဘာန်တွေနဲ့ ကျွန်တော်တို့ အတူတကွ ကြီးပွားတိုးတက်လာမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော်တို့ အတူတကွ လုံခြုံမှုရှိလာမှာ ဖြစ်ပါတယ်။ လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်ဒေသမှာ မိတ်ဖက်တွေအဖြစ်၊ မိတ်ဆွေတွေအဖြစ်၊ ပိုပြီး နီးကပ်စွာ ကျွန်တော်တို့ ဆက်လက် ကြီးထွားလာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့မှာ ခင်ဗျားတို့နဲ့ အတူတူ အစည်းအဝေးတက်ပြီး အိန္ဒိယ-ပစိဖိတ် ဒေသအတွက် ကျွန်တော်တို့ရဲ့ တာရှည်ခိုင်မြဲတဲ့ ကတိကဝတ်နဲ့၊ အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံအကြား အားကောင်းပြီး သမိုင်းဝင် မိတ်ဖက်ပူးပေါင်းမှုအတွက် ကျေးဇူးစကားကို ထုတ်ဖော်ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိကြောင်း သမ္မတ ဒေါ်နယ်ထရမ့် ကိုယ်စား နောက်တစ်ခေါက် ထပ်ပြောရင်း ကျွန်တော်တို့ရဲ့ ဆက်လက် ဆွေးနွေးမှုတွေအတွက် အထူးပင် မျှော်လင့်မိကြောင်း ပြောကြားလိုပါတယ်။

###